



**Myanmar Medical Service (MMS)**
4th Floor, R Building, Bangkok Hospital

- မြန်မာကျန်းမာရေးဝန်ဆောင်မှုဌာန (MMS)သည် ဘန်ကောက်ဆေးရုံကြီး Rehabilitation Center (R Building)၏ (၄)လွှာတွင် တည်ရှိပြီး မြန်မာလူနာများအတွက် ဝန်ဆောင်မှုပေးလျက် ရှိပါသည်။
- ဘန်ကောက်ဆေးရုံကြီးသို့ပထမဆုံးအကြိမ် သွားရောက်သော လူနာများသည် ဆရာဝန်ချိန်းဆိုထားသည့်အချိန်ထက် (၁၅ - ၃၀)မိနစ်ခန့် ကြိုတင်သွားရောက်ပြီး Registration ကောင်တာတွင် Register ပြုလုပ်၍ HN Card ကို ပြုလုပ်ရပါမည်။ ဆရာဝန်ရက်ချိန်းစာရွက်နှင့် မိမိနိုင်ငံကူးလက်မှတ်အား ယူဆောင်သွားရန် လိုအပ်ပါသည်။
- ဆရာဝန်နှင့်ဆွေးနွေးသည့်နေ့တွင် မိမိနိုင်ငံတွင် စစ်ဆေးထားသော ဆေးမှတ်တမ်းများ၊ မိမိသောက်နေသောဆေးများ၊ စစ်ဆေးထားသော အသားစများ (Biopsy slide/block)ရှိပါက ယူဆောင်သွားရန် လိုအပ်ပါသည်။
- ခွဲစိတ်ကုသမည့်သူများသည် သွေးကျဲဆေးကို မိမိဆရာဝန်၏ ညွှန်ကြားချက်ဖြင့် (၇)ရက်ခန့် ကြိုတင်ရပ်ထားရန် လိုအပ်ပါသည်။
- ဘန်ကောက်ဆေးရုံတွင် စစ်ဆေးထားသော X-ray, Ultrasound, Mammogram, CT, MRI အပါအဝင် သင်၏ ဆေးမှတ်တမ်းများကို ရယူလိုပါက မြန်မာစကားပြန်မှတဆင့် သက်ဆိုင်ရာအထူးကုဌာန (သို့) Medical Document Department (သို့) ဆရာဝန်နှင့် ဆွေးနွေးချိန်တွင် ဆက်သွယ် တောင်းယူနိုင်ပါသည်။



- **ကားကြို/ပို့ ကိစ္စများအတွက်**

  မြန်မာကျန်းမာရေးဝန်ဆောင်မှုဌာန (MMS)တွင် လည်းကောင်း၊ BGH ၏ မြေညီထပ်တွင်ရှိသော Concierge ဌာနတွင်လည်းကောင်း၊ ကြိုတင်အကြောင်းကြားခြင်းဖြင့် စီစဉ်နိုင်ပါသည်။

- **အပြန်လေယာဉ်ရက် သတ်မှတ်ခြင်း/ပြောင်းခြင်း**

**SEA LION Travel**
+95 (0)9 795106666

ဘန်ကောက်ဆေးရုံကြီးမြန်မာပြည်ရုံးတွင် စီစဉ်ထားသောလေယာဉ်လက်မှတ်များကို SEA LION Travel သို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။

**BANGKOK HOSPITAL**
2 Soi Soonvijai 7, New Petchburi Rd,
Bangkok, Thailand.
Tel.1719 +66 (0) 2 755 1000

**Myanmar Medical Service (MMS)**
4th Floor, R Building, Bangkok Hospital

Monday - Saturday: 07:00 - 17:00 hr
Sunday: 08:00 - 17:00 hr
Tel: 02 755 1971, 02 755 1972

24/7 Myanmar Helpline: 08 1868 1284

## SEA LION Medical Travel

▶ **ရန်ကုန်ရုံး**
၁၈၁၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း - 01 8 20 21 20, 8 29 97 97 **Hotline: 09 510 6666**
medicare@sealiongroup.com

▶ **မန္တလေးရုံး**
**Hotline: 09 79790 6666**
mdy.medicare@sealiongroup.com

▶ **နေပြည်တော်ရုံး**
**Hotline: 09 94565 6666**
npw.medicare@sealiongroup.com

▶ **မော်လမြိုင်ရုံး**
**Hotline: 09 95 510 6666**
mlm.medicare@sealiongroup.com





# ဘန်ကောက်ဆေးရုံကြီးသို့ သွားရောက်ဆေးကုသမည့်သူများအတွက်

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာ




## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လူဝင်မှုကြီးကြပ်ရေးဌာန





- မိမိ၏ နိုင်ငံကူးလက်မှတ်နှင့် Boarding Pass အား ပြရန်။
- လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းမှ သင်၏နိုင်ငံကူးလက်မှတ်တွင် ထွက်ခွာတံဆိပ်တုံးထုပေးပါမည်။

## Boarding Pass လေယာဉ်ပေါ်တက်ရောက်ခွင့်ထုတ်ယူရန်



- မိမိလိုက်ပါမည့် လေကြောင်းလိုင်း၏ Check-in ကောင်တာတွင် မိမိ၏ နိုင်ငံကူးလက်မှတ်နှင့် လေယာဉ်လက်မှတ်ပြ၍ Boarding Pass ထုတ်ယူပါ။ Boarding Pass ပေါ်တွင် ထိုင်ခုံနံပါတ် ပါရှိပါသည်။
- ခရီးသည်တစ်ဦးချင်းစီအတွက် Show Money၊ တည်းခိုနေရာ အထောက်အထားစာရွက်ပါရန် လိုအပ်ပါသည်။
- အသက်ကြီး၍ လမ်းမလျှောက်နိုင်သူများနှင့် ခြေထောက်ဒဏ်ရာရှိသူများ၊ ဘီးတပ်ကုလားထိုင်နှင့် စီးနင်းလိုက်ပါမည့်သူတိုင်း ဆရာဝန်ထံမှ Fit to Fly ဆောင်ထားရန် (ဘန်ကောက် - ရန်ကုန်အပြန်အတွက်လည်း ဘန်ကောက်ဆေးရုံကြီးရှိ သင်၏ဆရာဝန်ထံမှ တောင်းခံရန်) လိုအပ်ပါသည်။
- ဘီးတပ်ကုလားထိုင်အတွက် လေယာဉ်လက်မှတ်ဝယ်ယူသည့်နေရာတွင် (၃)ရက်ကြိုတင် အကြောင်းကြားရန် လိုအပ်ပါသည်။

**မှတ်ချက်** Check-in ကောင်တာသို့ လေယာဉ်ထွက်ချိန်မှ (၂)နာရီစော၍ ရောက်ရန်လိုအပ်ပါသည်။


**MAI** Myanmar Airways International — **DEPARTURE CARD**

Flight No. လေယာဉ်အမှတ် ______ | Last date of Arrival ______

Family Name / First Name / Middle Name — အမည် | Male ကျား / Female မ

Passport No. ပတ်စ်ပို့နံပါတ် | Place of Issue ပတ်စ်ပို့ထုတ်ပေးသည့်ရုံး | Date of Issue ပတ်စ်ပို့ထုတ်ပေးသည့်ရက်

Nationality နိုင်ငံသား | Occupation အလုပ်အကိုင်

Visa No. ဗီဇာအမှတ် (ထိုင်းနိုင်ငံဝင်ခွင့်ဗီဇာလျှောက်ထားသူများဖြည့်ရန်) | Date of Issue ဗီဇာထုတ်ပေးသည့်ရက် (ထိုင်းနိုင်ငံဝင်ခွင့်ဗီဇာလျှောက်ထားသူများဖြည့်ရန်)

Only Myanmar National

I.D Card No. မှတ်ပုံတင်အမှတ်

Father's Name အဖအမည်

Address in Myanmar
မြန်မာနိုင်ငံ နေရပ်လိပ်စာ

Signature
လက်မှတ်
Person leaving Myanmar

NOTICE


1. PLEASE WRITE IN BLOCK LETTERS AND UNDERLINE FAMILY NAME.
2. ONE ARRIVAL CARD / DEPARTURE CARD MUST BE COMPLETED BY EVERY PASSENGER.
3. PLEASE KEEP THIS PORTION OF THE FORM IN YOUR PASSPORT / TRAVELLING DOCUMENT AND PRESENT IT TO THE IMMIGRATION OFFICER ON YOUR DEPARTURE.
4. IN CASE OF CHANGE OF ADDRESS FROM WHAT IS STATED IN THIS FORM, PLEASE NOTIFY THE IMMIGRATION AND MANPOWER DEPARTMENT HEAD OFFICE WITHIN TWENTY-FOUR HOURS.
5. PLEASE APPLY TO THE IMMIGRATION AND MANPOWER DEPARTMENT HEAD OFFICE FOR "D" FORM, IF YOU STAY MORE THAN THIRTY DAYS.

FOR OFFICIAL USE

## ရန်ကုန်လေဆိပ်မှ ပြည်ပထွက်ခွာမည့်သူများအတွက် Departure Card ထွက်ခွာကတ်

- အဆိုပါကတ်ကို ဖြည့်ပြီးလျှင် လေဆိပ်အပေါ်ထပ် လူဝင်မှုကြီးကြပ်ရေး (Immigration) ကောင်တာတွင် ပေးအပ်ခဲ့ရမည်။




Exit B မှ ထွက်ပြီး ထွက်ပေါက် အမှတ် (၅)ရှိ ဘန်ကောက်ဆေးရုံကြီး လေဆိပ်ဝန်ဆောင်မှုဌာနသို့ လမ်းပြမြေပုံ







ဘန်ကောက်ဆေးရုံကြီး လေဆိပ်ဝန်ဆောင်မှုဌာန
Suvarnabhumi Airport Counter (လေဆိပ် ထွက်ပေါက်အမှတ် ၅)
ရုံးချိန် - နံနက် (၇)နာရီ မှ ည (၁၁)နာရီ

### Suvarnabhumi လေဆိပ်မှ ဘန်ကောက်ဆေးရုံကြီးသို့ / ဘန်ကောက်ဆေးရုံကြီးမှ Suvarnabhumi လေဆိပ်သို့ အခမဲ့ကြိုပို့ယာဉ် ထွက်ခွာချိန်

| From Bangkok Hospital | From Suvarnabhumi Airport |
|---|---|
| Departures | Departures |
| 07:00 | 08:30 |
| 08:30 | 10:00 |
| 10:00 | 11:30 |
| 11:30 | 13:00 |
| 13:00 | 14:30 |
| 14:30 | 16:00 |
| 16:00 | 17:30 |
| 17:30 | 19:00 |
| 19:00 | 20:30 |
| 20:30 | 22:00 |

(၁)ကြိမ်လျှင် ခရီးသည် (၈)ဦးခန့် စီးနင်းနိုင်ပါသည်။

## ဘန်ကောက်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်လျှင် လူဝင်မှုကြီးကြပ်ရေးဌာနတွင်


- ထိုင်းနိုင်ငံဝင်ခွင့်ဗီဇာကြိုတင်ယူသွားသူများကို လူဝင်မှုကြီးကြပ်ရေးမှ ထိုင်းနိုင်ငံတွင် နေထိုင်ခွင့်ကာလ ရက် (၆၀) ပေးလေ့ရှိပြီး ကောင်တာမှ မထွက်ခွာမီ မိမိနေထိုင်ခွင့်ကာလကို စစ်ဆေးစေလိုပါသည်။
- နောက်ဆုံးပြန်ထွက်ခွာရမည့်ရက်ကို မှတ်သားထားရမည်။

**မှတ်ချက်** မြန်မာနိုင်ငံသားများသည် ထိုင်းနိုင်ငံဝင်ခွင့် ဗီဇာ မလိုဘဲ (၁၄)ရက် နေထိုင်ခွင့်ရှိပါသည်။ အဆိုပါ ထိုင်းနိုင်ငံဝင်ခွင့် (၁၄)ရက်သည် အချိန်မရွေးပြောင်းလဲနိုင်ပါသည်။





## လူဝင်မှုကြီးကြပ်ရေးဌာနမှ စစ်ဆေးပြီးလျှင် Baggage Claim တွင် မိမိ၏ခရီးဆောင်အိတ်ရွေးယူရန်အတွက် မိမိစီးလာသော လေယာဉ်အမှတ်ဖြင့် အိတ်ရွေးရမည့် Baggage Belt နံပါတ်ကို ရှာရန်






## BANGKOK HOSPITAL ၏ ဆေးရုံများ တည်ရှိပုံ







**Wattanosoth Hospital**
ဘန်ကောက်ကင်ဆာဆေးရုံ




**Bangkok Rehabilitation Center**
ဘန်ကောက်ပြန်လည်ထူထောင်ရေးဌာန




**SuperRich** တွင် ငွေလဲလှယ်နိုင်သည်။

